ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

# မြန်မာနိုင်ငံနှင့် ဘရာဇီးလ်နိုင်ငံတို့အကြား သံတမန်နှင့် ဝန်ထမ်းနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား ပြည်ဝင်ဗီဇာ အပြန်အလှန် ကင်းလွတ်ခွင့်ပြုရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း အသိပေးကြေညာခြင်း

(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဘရာဇီးလ်နိုင်ငံအစိုးရတို့အကြား သံတမန်နှင့် ဝန်ထမ်းနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား ပြည်ဝင်ဗီဇာ အပြန်အလှန် ကင်းလွတ်ခွင့်ပြုရေး သဘောတူစာချုပ်ကို ဘရာဇီးနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး သီရိပျံချီဦးထွန်းနေလင်း နှင့် ဘရာဇီးလ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မော်ရိုးဗီအဲရာတို့မှ ၂၇-၈-၂၀၁၅ ရက်နေ့တွင် ဘရာဇီးလ်နိုင်ငံ၊ ဘရာဇီးလျားမြို့၌ လက်မှတ်ရေးထိုး ခဲ့ပြီးဖြစ်ပါသည်။ ဤသဘောတူစာချုပ်သည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်နေ့တွင် စတင်၍ အသက်ဝင်အတည်ဖြစ်မည်ဖြစ်ပါသည်။

၂။ အထက်ပါ သဘောတူစာချုပ်အရ သံတမန်နှင့် ကောင်စစ်ဆိုင်ရာဝန်ထမ်းများ အဖြစ် သတ်မှတ်ခန့်အပ်ခြင်းခံရပြီး ခိုင်လုံသော သက်တမ်းရှိ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားကြသည့် စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံ၏ နိုင်ငံသားများသည် တစ်ဖက်စာချုပ်ဝင် နိုင်ငံနိုင်ငံ၏ နယ်မြေအတွင်းသို့ ဝင်ရောက်ရန်အတွက် ပြည်ဝင်ဗီဇာရယူရန် မလိုအပ်ဘဲ ရောက်ရှိချိန် မှစတင်၍ ရက်ပေါင်း(၃၀)ကာလအထိ နေထိုင်ခွင့်နှင့် သင့်လျော်သည့် ပြည်ဝင်ဗီဇာအား သက်ဆိုင်ရာ အစိုးရမှ ခွင့်ပြုပေးမည်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား ဗီဇာကင်းလွတ်ခွင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးလျက်ရှိရာတွင် ဘရာဇီးနိုင်ငံသည် (၁၈)နိုင်ငံမြောက် လက်မှတ်ရေးထိုးသည့် နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ယခင်က (၁၇)နိုင်ငံနှင့် အလားတူလက်မှတ်များ ရေးထိုးခဲ့ပြီး၊ ၎င်းတို့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘဲလာရုစ်နိုင်ငံ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင် နိုင်ငံ၊ ရုရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်ကြပါသည်။

၄။ ပူးတွဲပါဇယားမှာ မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံချင်း ဗီဇာကင်းလွတ်ခွင့်လက်မှတ်ရေးထိုးထား သော နိုင်ငံများ (၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအထိ) ဖြစ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
WASHINGTON

မြန်မာသံရုံး
ဝါရှင်တန်မြို့

## List of Countries Having Bilateral Visa Exemption Agreements with Myanmar

(As of September 2015)

*In Alphabetical Order*

| Sr. No. | Country | Diplomatic Passport Holder | Duration of Stay | Official/ Service Passport Holder | Duration of Stay | Ordinary Passport Holder | Duration of Stay |
|---|---|---|---|---|---|---|---|
| 1 | Bangladesh | ✓ | 90 days | ✓ | 90 days | x | |
| 2 | Belarus | ✓ | 30 days | ✓ | 30 days | x | |
| 3 | Brazil | ✓ | 30 days | ✓ | 30 days | x | |
| 4 | Brunei Darussalam* | ✓ | 14 days | ✓ | 14 days | ✓ | 14 days |
| 5 | Cambodia* | ✓ | 30 days | ✓ | 30 days | ✓ | 14 days |
| 6 | China (P.R.C) | ✓ | 30 days | ✓ | 30 days | x | |
| 7 | India | ✓ | 90 days | ✓ | 90 days | x | |
| 8 | Indonesia* | ✓ | 14 days | ✓ | 14 days | x | |
| 9 | Korea (Democratic People's Republic of Korea) | ✓ | 30 days | ✓ | 30 days | x | |
| 10 | Korea (Republic of Korea) | ✓ | 90 days | ✓ | 90 days | x | |
| 11 | Laos* | ✓ | 30 days | ✓ | 30 days | ✓ | 14 days |
| 12 | Malaysia* | ✓ | 30 days | ✓ | 30 days | x | |
| 13 | Philippines* | ✓ | 30 days | ✓ | 30 days | ✓ | 14 days |
| 14 | Russia | ✓ | 90 days | ✓ | 90 days | x | |
| 15 | Singapore* | ✓ | 30 days | ✓ | 30 days | x | |
| 16 | Sri Lanka | ✓ | 30 days | ✓ | 30 days | x | |
| 17 | Thailand* | ✓ | 30 days | ✓ | 30 days | ✓ | 14 days |
| 18 | Viet Nam* | ✓ | 30 days | ✓ | 30 days | ✓ | 14 days |

**N.B:**

- *Asterisk** denotes the Member States of the ASEAN
- According to these bilateral agreements, the Myanmar officials, holding either diplomatic or official passports, are kindly requested to check the visa requirements for their preparation of the trip. If unclear, please contact the Consular Department. (067-412063)